# 第 11 課 宅配便ですね

## 目標

ပစ္စည်းပို့တာကိုလက်ခံဆောင်ရွက်နိုင်တဲ့လုပ်ငန်းတာဝန်တွေလုပ်နိုင်မယ်။

## 会話

ဆိုင်ဝန်ထမ်း : မင်္ဂလာပါ။

စျေးဝယ်သူ : ပစ္စည်းလေးပို့ချင်လို့ပါ။

ဆိုင်ဝန်ထမ်း : ပစ္စည်းပို့ချင်လို့လားရှင့်/ခင်ဗျာ့။ သိပါပြီရှင့်/ခင်ဗျာ့။ အရောက်ပို့ချင်တဲ့နေ့ရက်နေ့အချိန်ရှိပါသလား ခင်ဗျာ/ရှင်။

စျေးဝယ်သူ : တတ်နိုင်သလောက်မြန်မြန်လေးပို့ချင်ပါတယ်။

ဆိုင်ဝန်ထမ်း : ဒီဟာဆိုရင်သန်ဘက်ခါမနက်ပိုင်းက အစောဆုံးရောက်ပါမယ်။

စျေးဝယ်သူ : သန်ဘက်ခါဆိုရင်ရပါတယ်။ အဲ့ဒါနဲ့ပို့ပါမယ်။

ဆိုင်ဝန်ထမ်း : ကျသင့်ငွေကတော့ ယမ်း၁၀၀၀ပါ။

စျေးဝယ်သူ : ဟုတ်ကဲ့ပါ။

ဆိုင်ဝန်ထမ်း : ဒါကတော့ Customer Copy ပါ။ ဒါဆိုရင်အထုပ်လေးကိုယူလိုက်ပါတော့မယ်။

စျေးဝယ်သူ : ကူညီပါအုံး။

ဆိုင်ဝန်ထမ်း : ကျေးဇူးတင်ပါတယ်။ နောက်လဲလာခဲ့ပါအုံးရှင့်/ခင်ဗျာ့။

## ことば

宅配便 အိမ်အရောက်ပို့ခြင်း　かしこまりました နားလည်ပါပြီ

お届け日時 ပစ္စည်းရောက်မည့်နေ့ရက်အချိန်　なるべく တက်နိုင်သမျှ

最短 အမြန်ဆုံး၊ အတိုဆုံး　料金 အခကြေးငွေ　お客様控え Customer Copy

またお越しくださいませ နောက်လည်းလာဝယ်ပါအုံး　サイズ အရွယ်အစား

はかる တိုင်းတာသည်　送り先 ပစ္စည်းပို့ရမည့်လိပ်စာ　品名 ပစ္စည်းအမည်

郵便番号 စာတိုက်အမှတ်　指定なし အချိန်သတ်မှတ်ထားခြင်းမရှိ

ワレモノ ကွဲနိုင်သောပစ္စည်း　なまもの အသားစိမ်းငါးစိမ်း

## コラム

### p.84 「自分の時間」で働く

စတိုးဆိုင်လို့ဆိုလိုက်တာနဲ့ အများအားဖြင့်ကတော့ ၃၆၅ရက် ၂၄နာရီ ဖွင့်ပါတယ်။ အမြဲတန်း စိတ်ပေါ့ပါးစွာနဲ့အသုံးပြုနိုင်တဲ့”အဆင်ပြေမှု”ကကျက်သရေရှိမှုပါပဲ။ အဲ့လိုအဆင်ပြေမှုကို ထောက်ပံ့ပေးနေတာကတော့သက်ဆိုင်ရာဆိုင်တွေမှာအလုပ်လုပ်နေတဲ့သူဖြစ်ပြီး ဘယ်လိုအလုပ်ချိန်တွေနဲ့အလုပ်လုပ်နေသလဲဆိုတာသိပါသလား။

ဆိုင်ပေါ်မူတည်ပြီးအလုပ်ချိန်တွေမတူကြပေမယ့် ဆိုင်အများအားဖြင့်ကတော့ “မနက်အစောပိုင်း၆နာရီကနေ၉နာရီအထိ”
“မနက်ပိုင်း၉နာရီကနေနေ့လည်၁နာရီအထိ” ”ညနေပိုင်း၁နာရီကနေ၅နာရီအထိ”
“ညနေ၅နာရီကနေညပိုင်း၁၀နာရီအထိ” ပြီးနောက်မှာတော့ “ညပိုင်း၁၀နာရီကနေမနက်၆နာရီအထိ” ဆိုပြီးအလုပ်ချိန်၅ခုခွဲထားပါတယ်။ အဲ့ဒါကိုကြည့်ပြီး “အော….
အဲ့ဒါဆိုရင်ကျွန်တော်/ကျွန်မလည်းလုပ်နိုင်လောက်ပါတယ်” ဆိုပြီးထင်တဲ့သူရှိမယ်ထင်ပါတယ်။
စတိုးဆိုင်ရဲ့အချိန်ပိုင်းအလုပ်က ကျောင်းကိစ္စတွေရယ်၊ အိမ်ကိစ္စတွေရယ်နဲ့ ဘယ်လောက်အလုပ်များများ “အားတဲ့အချိန်ကိုအကျိုးရှိစွာအသုံးချချင်တယ်”ဆိုတဲ့သူတွေနဲ့ အလွန်ကိုက်ညီပါတယ်။

“မနက်စောစောထပြီးကြိုးစားချင်တယ်” “ညဘက်တွေလဲပြဿနာမရှိဘူး” ဆိုတဲ့သူတွေလည်း အလွန်ကိုက်ညီပါတယ်။ မနက်စောစောအချိန်တွေရယ် ညပိုင်းအချိန်တွေရယ်ဆိုရင် တစ်နာရီရတဲ့ပိုက်ဆံကပိုများပါတယ်။ အဲ့ဒီလိုပဲ စတိုးဆိုင်ကိုလာဝယ်တဲ့ သူတွေပဲမဟုတ်ပဲ၊

အချိန်ပိုင်းအလုပ်လုပ်တဲ့သူတွေအတွက်လည်း အလုပ်ချိန်ကိုမိမိဘာသာရွေးချယ်လို့ရတဲ့အတွက်
အလွန်အဆင်ပြေတဲ့အလုပ်နေရာတွေဖြစ်ပါတယ်။

## p.85　あいさつも大切な仕事

“စတိုးဆိုင်အလုပ်” ဆိုပြီးစကားတစ်ခွန်းထဲပြောပေမယ့် ကောင်တာမှာဈေးဝယ်သူနဲ့ ထိတွေ့ဆက်ဆံရုံမဟုတ်ပဲ ပစ္စည်းတွေအထုတ်အသွင်းလုပ်တာတွေ သန့်ရှင်းရေးလုပ်တာတွေ လိုမျိုး… တကယ့်ကိုအမျိုးမျိုးလုပ်ရတာတွေရှိတဲ့အတွက် ပုံမှန်အားဖြင့် Shiftတစ်ခုမှာလူ၂ဦးနဲ့ အထက်အလုပ်ဝင်ရပါတယ်။ အလုပ်အတူတူလုပ်တဲ့သူတွေရှိနေတာကစိတ်ပူပန်မှုကင်းစေပါတယ်။ အဲ့ဒါတွေအတွက်ကိုပဲ အလုပ်အတူတူလုပ်တဲ့သူတွေနဲ့ကစကားပြောဆိုဆက်ဆံဖို့က အလွန်အရေးကြီးပါတယ်။

ပထမဆုံးအခြေခံကတော့နှုတ်ဆက်တာပဲဖြစ်ပါတယ်။ 「おはようございます」「お先に失礼します」「お疲れさまでした」လိုမျိုးနှုတ်ဆက်စကားတွေနဲ့အလုပ်စလုပ်ကြပြီးနှုတ်ဆက်စကားတွေနဲ့ အလုပ်ပြီးဆုံးကြရပါတယ်။ 「○○が終わりました」「○○はまだです」ဆိုတဲ့စကားလုံးတွေသုံးပြီး အလုပ်အခြေအနေတွေကိုစကားလုံးတွေသုံးပြီး လက်ဆင့်ကမ်းဖို့ကအလွန်အရေးကြီးပါတယ်။ ဒုက္ခရောက်နေတဲ့အခါမှာ「○○しましょうか」「○○してもらってもいいですか」လို့ပြောပြီးအချင်းချင်း ရိုင်းပင်းကူညီကြပါစို့။ ထပ်ပြီး အလုပ်ချိန်အတူတူအလုပ်လုပ်နေတဲ့ သူတွေတင်မဟုတ်ပဲ မိမိအလုပ်ချိန်ရဲ့အရှေ့ချိန်၊ အနောက်ချိန်ကလူတွေအတွက် အလုပ်အခြေအနေကို လက်ဆင့်ကမ်းဖို့လည်းအရေးကြီးပါတယ်။ တနည်းအားဖြင့် စတိုးဆိုင်တစ်ခုထဲမှာအလုပ်အတူတူ လုပ်နေကြတဲ့သူတွေကအလွန်အရေးကြီးတဲ့ လုပ်ဖော်ကိုင်ဘက်တွေဖြစ်ပါတယ်။ အရင်ဆုံး အပြုံးလေးနဲ့စိတ်ရင်းနဲ့နှုတ်ဆက်တာကစလို့ လုပ်ဖော်ကိုင်ဘက်တွေနဲ့စကားပြောဆက်ဆံမှုနဲ့ အသိုင်းအဝိုင်းကိုချဲ့ထွင်လိုက်ရအောင်။